
ငွေရည်မွှ
ဦးမုန်းတဲ့ ကျွန်မ

## အပိုင်း(၁)

"ဘကြီးရေ မြန်မြန်လုပ်ပါ မမကို ကြိုဖို့ နောက်ကျနေလိမ့်မယ် ..."

"လာမယ် သမီးရေခဏ ဒီမှာသမီးရဲ့ ကြီးကြီးနဲ့ ညီမလေးက ကြာနေလို့ ..."

"ဟုတ်ကဲ့ပါ ဘကြီး ..."

လို့ပြောပြီး စောင့်နေလိုက်သည် ... ရှုတိုင်းတို့က အခုရှုတိုင်းရဲ့ မမကို သွားကြိုမလို့ပါ ...။ ရှုတိုင်းနဲ့ မမခွဲရတာ ၅ နှစ်ကျော် ၆ နှစ်လောက် ကြာခဲ့ပြီလေ ... ရှုတိုင်းတို့ မိဘတွေဆုံးတော့ မမက အလုပ်တွေ အားလုံးကို လုပ်ကာ နိုင်ငံခြားမှာ ရှိနေတဲ့ ရှုတိုင်းတို့ ကုမ္ပဏီကို ဦးစီးဖို့ ထွက်သွားခဲ့တာ မမအသက်၂၅နှစ်လောက်ကပါ အဲဒီချိန်တုန်းက ရှုတိုင်းရဲ့ အသက်က ၁၅နှစ် မမနဲ့ ရှုတိုင်းက အသက်၁၀နှစ်လောက် ကွာတယ် ...။ မမထွက်သွားတော့ ရှုတိုင်းပါ လိုက်ခဲ့ဖို့ မမကို ပြောခဲ့တယ်...။ မမက လက်မခံဘဲ ရှုတိုင်းကို ဘကြီးတို့ လင်မယားနဲ့ အပ်ကာ သူက နိုင်ငံခြားကနေ ရှုတိုင်းကို ထောက်ပံ့ပေးခဲ့တာလေ။

ရှုတိုင်းရဲ့ မမက အစ်မပြီသ သလို အစ်မကြီး အမိရာလို့ ပြောရလောက်အောင် တကယ်ကို တာဝန် ကျေပွန်ခဲ့ပါတယ်။ ပြန်မလာနိုင်တာက လွဲရင်ပေါ့ ...။ ရှုတိုင်းတို့မှာ ညီမနှစ်ယောက်တည်း ရှိတဲ့အတွက် ရှုတိုင်း မမကို အရမ်းချစ်တယ်။ ရှုတိုင်းလိုပဲ မမကလည်း ချစ်တယ် ...။ အခုတော့ မမကလည်း နိုင်ငံခြားကနေ အပြီးပြန်လာပြီး ကုမ္ပဏီကို မြန်မာနိုင်ငံမှာ အသစ် ထပ်ဖွင့်တော့မှာလို့ ပြောတယ်။ ဟိုက ကုမ္ပဏီကို ပိတ်ပြီးတော့ပေါ့။

အဲဒီခါကျရင်တော့ ရှုတိုင်း မမကို ကူလုပ်ပေးရမယ်။ မမလည်း ပင်ပန်းရှာရောပေ့ါ။

"သမီး ... သမီးလေး ရှုတိုင်းယဉ် ... "

"အမလေး ဘုရား"

ရှုတိုင်း အတွေးလွန်နေရာမှ ကြီးကြီးသင်းရဲ့ ခေါ်သံကြောင့် လန့်သွားကာ ...

"ရှင် ကြီးကြီး ... "

"သွားမယ်လေ သမီး"

"ဟုတ်ကဲ့"

လို့ ပြောကာ သူမတို့အားလုံး လေဆိပ်သို့ ထွက်လာခဲ့တော့သည် ...။

***

Airport

သူမတို့ လေဆိပ်ရောက်တော့ ဘကြီးက ကားကို ကားပါကင်တွင် ရပ်ပြီး ... အားလုံးက ကားပေါ်က ဆင်းလာခဲ့သည်။

"ဘကြီးတို့ သွားနှင့်နော် ရှုတိုင်း နောက်ကနေ လိုက်ခဲ့မယ် ... ရှုတိုင်းကို ကားသော့ပေးခဲ့ ဦးဘကြီး ... "

"အင်း ... ဘာလို့လဲ သမီးရဲ့ ...ဘကြီးတို့နဲ့ အတူတူ သွားမယ်လေ ... ကားသော့က ဘာလုပ်ဖို့လဲ"

"ဘာမှမလုပ်ပါဘူး ... ဘကြီးတို့ သွားနှင့်ပါ ရှုတိုင်းက ခဏရယ် ဘကြီးတို့ပဲ သွားနှင့်နော် ... ရှုတိုင်း မလာမချင်း စောင့်နေ ခဏပဲ ကြာမှာ ... "

"ဟုတ်ပါပြီ ... ဒါဆို ဘကြီးတို့ သွားနှင့်မယ်နော် ... "

"ဟုတ် ... "

"သမီးနဲ့ မေကြီးရေ သွားကြရအောင် ... ဘကြီးတို့ သွားမယ်နော် ... "

"ဟုတ်ဘကြီး ... "

လို့ပြောပြီး ထွက်သွားတဲ့ ဘကြီးတို့ ၃ယောက်လုံးရဲ့ ကျောပြင်ကို ကြည့်ကာ သူတို့တွေ သူမ မျက်စိရှေ့ကနေ ပျောက်သွားမှ ကားပေါ်တက်လာပြီး တစ်နေရာသို့ ဦးတည်ကာ မောင်းပြီး ထွက်လာခဲ့တော့သည် ...။

***

"သမီးလေး ... သာသာ ... "

"ကြီးကြီးသင်း ... ဘကြီးအောင် ... "

"ဝမ်းသာလိုက်တာ ဒါနဲ့ကြီးကြီး ညီမလေးရော ... "

"သမီးညီမလေးက အနောက်ကနေ လိုက်လာမယ်တဲ့ ... ကြည့်ပါဦး ဖေကြီးရယ် သာသာလေးက လှလာလိုက်တာ ... "

"ဟုတ်ပ့ါဗျာ ... "

လို့ပြောပြီး ဝမ်းသားလုံးဆို့ကာ အားလုံးရဲ့ မျက်ဝန်းတွေထဲမှာ ဝမ်းသာမျက်ရည်တွေနဲ့ပေ့ါ ...။ သာသာလည်း အခုမှ ပြန်ဆုံတွေ့ရတဲ့အတွက် သူ့ဘေးက လူကိုတောင် ဝမ်းသာပြီး မေ့နေရှာတယ် နောက်မှ သတိရပြီး ...

"သြော် ... ကြီးကြီး ... မေ့နေတာ ... "

"ဘာလဲ သမီးရဲ့ ... "

"မိတ်ဆက်ပေးမလို့ပါ ... သမီးဘေးနားမှ ရပ်နေတဲ့လူက သမီးနဲ့ မကြာခင် လက်ထပ်တော့မယ့် ခွန်းဘုန်းရှိန်တဲ့ ကြီးကြီး ... မှတ်ထားနော် ... "

သာသာ မိတ်ဆက်ပေးလိုက်မှ ကြီးကြီးတို့လည်း သာသာရဲ့ဘေးကို လှည့်

ကြည့်မိသွားသည်...

"လူချောလေးပဲ သမီးရဲ့ ချစ်သူက ဝမ်းသာပါတယ် ... သမီးတို့တောင် လက်ထပ်တော့မှာပေ့ါ..."

"ဟုတ် ကို ဒါက သာသာ ပြောပြောနေတဲ့ ညီမလေးကို စောင့်ရှောက်ပေး ထားတဲ့ သာသာတို့ရဲ့ အမေဆိုလည်းဟုတ် အဖေဆိုလည်းဟုတ်တဲ့ ဘကြီးနဲ့ ကြီးကြီး ဘကြီးနာမည်က ဦးအောင်မင်းတဲ့ ကြီးကြီး နာမည်ကတော့ ဒေါ် သင်းသင်း ... ဟိုကောင်မလေးက ကြီးကြီးတို့ရဲ့ သမီးလေး သင်းမြဲအောင် တဲ့ ... "

ခွန်းလည်း သာသာ မိတ်ဆက်ပေးတဲ့ လူတွေကို ပြုံးပြပြီး နှုတ်မှလည်း ...

"အားလုံးကို တွေ့ရတာ ဝမ်းသာပါတယ် ... "

"အေးကွယ် ဘကြီးတို့ကလည်း တူတူပါပဲ ... "

လို့ပြောပြီး ရှုတိုင်းကို စောင့်နေရင်း စကားပြောနေကြသည် ...။

***

ရှုတိုင်းလည်း ခဏဆိုပြီး ထွက်လာတာ တော်တော်လေး ကြာသွားပြီ ...

"ဒုက္ခပါပဲ ... မမတို့ စောင့်ရတာ ကြာနေတော့မှာပဲ ... "

လို့ နှုတ်က ညည်းရင်း ... ကားကို ပါကင်တွင် ရပ်ကာ ... အမြန်ပဲ ပန်းစည်းကိုင်ပြီး ပြေးလာခဲ့တော့သည်။

တစ်နေရာရောက်တော့ လူတစ်ယောက်နဲ့ အမှတ်မထင် တိုက်မိသွားခဲ့ သည် ...။

"ဘုတ် ... အ ... "

ရှုတိုင်းလည်း သူနဲ့ တိုက်မိတဲ့ လူကိုကြည့်ပြီး ...

"ဟို အစ်ကို ... ရှုတိုင်း တောင်းပန်ပါတယ်နော် ... တကယ်လို့ အစ်ကို မကျေနပ်ရင်လည်း နောက်တစ်ခေါက်တွေ့မှ ပြောပါတော့ ရှုတိုင်းက ရန်ကုန်မှာပဲ နေတာပါ ... အခုတော့ ရှုတိုင်း သွားတော့မယ် ... တောင်းပန်တယ်နော် အစ်ကို ... "

ဆိုပြီး ပြေးထွက်သွားတဲ့ ကောင်မလေး ... စစ်ဘာမှ ပြောချိန်တောင် မရလိုက်ဘူး ... အဟက် ... ချစ်စရာလေး... ဆံပင်ရှည်လေးနဲ့ နန်းဆန်စွာ လှရက်နိုင်လွန်းတယ် ... ။ ရှုတိုင်းလို့ ... ကိုယ့်နာမည်ကို ထည့်ပြောတဲ့ မင်းလေးကို ... ကိုယ်တစ်နေ့နေ့ တွေ့အောင် ပြန်ရှာမယ် ... အခုတော့ ... ကိုယ်က တခြားနေရာကို သွားရမှာ ဆိုတော့ ... မင်းလေး စောင့်နေနှင့်ဦးပေါ့ ... ။

တံတိုင်းစစ် ဆိုတဲ့ ကိုယ့်လိုလူရဲ့ နှလုံးသားလေးကို မင်းပုတ်နှိုးသွားခဲ့ပြီ ပြန်တွေ့ခဲ့ရင်တော့ မင်းလေးက ကိုယ့်အပိုင် ဖြစ်စေရမယ်။ လို့စိတ်ထဲက ပြောကာ ... နှုတ်ခမ်းတို့မှာလည်း ပြုံးရိပ်သန်းနေ၏။

ဘေးနားမှာ မတ်တတ်ရပ်နေတဲ့ သူ့ရဲ့အတွင်းရေးမှူး ဥက္ကာကတော့ အခုလိုမျိုး ပြုံးနေတာ မမြင်ဖူးတာကြောင့် သူလည်း ဝမ်းသာပါတယ်။ သူ့စိတ်ထဲ မှတ်ယူလိုက်တာက စောနက သူ့ရဲ့ သူငယ်ချင်းလည်းဖြစ် သူဌေးလဲဖြစ်တဲ့ စစ်နဲ့တိုက်မိတဲ့ ကောင်မလေးဟာ စစ် ဖူးစာဖတ် ဖြစ်ရမယ် ဆိုတာကိုပေါ့ ... ။ သူလည်း အတွေးကို ခဏရပ်ကာ ... လေယာဉ်ချိန် နောက်ကျမှာဆိုးတာကြောင့် သတိပေးလိုက်ရသည်။

"စစ် ... ဟေ့ကောင် စစ် နောက်ကျမယ် သွားရအောင်လေ မတ်တတ် မေ့နေတာလား ဟေ့ကောင် ... "

လို့ ပြောလိုက်တော့ စစ်ခေါင်းခါကာ သူရဲ့ နှုတ်ဖျားမှ တိုးညင်းစွာ ထွက်ကျလာတဲ့ စကားလေးတစ်ခွန်း ...

"ငါ့နှလုံးသား သူ့ဆီပါလို့ ... "

တဲ့ တိုးလျှည်င်သာပြီး ပြတ်သား တိုတောင်းစွာ ပြောလိုက်တဲ့ စကားက အဓိပ္ပာယ်ပါဝင်ပြီး ... သူမလေးကို မြင်မြင်ချင်း ချစ်မိသွားခဲ့တာ သိသာစေလှပါသည်။

"ဟုတ်ပါပြီ ... သူပြောသွားခဲ့တာပဲ ... ရန်ကုန်မှာ နေတာတဲ့ ... ငါတို့ ပြန်ရောက်ခဲ့ရင် သူ့အကြောင်းကို ငါကိုယ်တိုင် မင်းအတွက် စုံစမ်းပေးမယ် ... ဟုတ်ပြီလား ... "

"အင်း ... "

လို့ စစ်ပြန်ပြောလိုက်ပြီး နှစ်ယောက်လုံး ရပ်နေရာ ထွက်လာခဲ့တော့သည် ...။

***

ခွန်းနဂိုထဲကမှ စိတ်မရှည်တဲ့ သူပီပီ အခုထိ ရောက်မလာသေးတဲ့ သာသာရဲ့ ညီမလေးကို ဒေါသထွက်မိသလို့ စိတ်ထဲလည်း နည်းနည်းလေး ချဉ်နေမိပါသည်။ သူတွေးနေရင်းနဲ့မှ ခေါ်သံတစ်ခုကြောင့် လှည့်ကြည့်မိလျက်သား ဖြစ်သွား၏။

"မမ ... "

သာသာလည်း မမလို့ ခေါ်သံလေးကြောင့် လှည့်ကြည့်ပြီး...

"ညီမလေး ... "

လို့ ဆိုကာ ... ညီမ နှစ်ယောက်ဖတ်ကာ အလွမ်းသယ်နေကြသည် ...

"ရှုတိုင်း တောင်းပန်ပါတယ်မမ ... ဒီမှာရော့ မမအတွက် ပန်းစည်းလေး သွားဝယ်နေရလို့ပါ ... "

"ဒုက္ခခံလို့ ညီမလေးရယ် ... "

"ရပါတယ် ... မမကြိုက်လားဟင် ... "

လို့ဆိုကာ ... မျက်လုံးဝင့်ပြီး မေးလာတဲ့ ညီမလေး ...

"ကြိုက်တာပေါ့ ... မမအကြိုက်ဆုံး ရေမွှေးနှင်းဆီလေးတွေပဲ ... အနံ့လေးကြောင့် အမောကို ပြေသွားရော ... ပြီးတော့ ဟောဒီက မမရဲ့ညီမလေး ... အရွယ်ရောက်လာပြီး အလှကြီး လှနေတာကြောင့် မမတောင် မမှတ်မိပဲဖြစ်သွားရတယ် ... "

ရှုတိုင်း မမ စကားကြောင့် ပြုံးပြကာ ...

"ဟီး ... အဲဒါ မမနဲ့ တူလို့လေ ... "

လို့ပြောလိုက်တာကြောင့်...ခွန်း ဒီကောင်မလေးကို သေသေချာချာလေး ကြည့်မိလိုက်သည်...

တကယ်ပဲ တူလွန်းတာပါ...သာသာပြောသလို သူမတို့ ညီမနှစ်ယောက် ၁၀ နှစ်လောက်ကွာတာ ဟုတ်ပုံ့မလား ... မသိရင် အမြွှာအတိုင်းပဲ တူလွန်းလှတာပါ ...။ ကွဲပြားသွားတာလေးက ... သာသာက ဆံပင်ခါးလောက်ပဲ ရှိပြီး ... သူမလေးရဲ့ ဆံပင်က တံခေါက်ကွေး နားလောက်ထိ ရှိပါတယ် ... တော်တော်လေးကို ရှည်လွန်းတာ ... ပြီးတော့ သူမလေးက မြန်မာဆန်တယ်... သာသာကတော့ ခေတ်ဆန်လွန်းတာလည်း မဟုတ် ခေတ်နဲ့ တစ်ပြေးညီ ဝတ်တတ် စားတတ်တာပေါ့ ... သာသာက သွားထက်ကလေးပါပြီး သူမလေးက ရယ်ရင် ပါးချိုင့်ပါတယ်။ သူမလေးက သာသာနဲ့တူတယ် ဆိုပေမဲ့ သာသာထက် ပိုချောတာတော့ အမှန်ပဲ ... ဒါပေမဲ့ သူ့စိတ်ထဲမှာတော့ သူမကို ကြည့်လို့မရပါ ... ဘာလို့လဲ မပြောတတ်ဘူး... နောက်ကျ တာကြောင့်လား ဆိုတော့လဲ မဟုတ်ပြန်ဘူး ... ဒါဆို ဘာလို့လဲ ... သူလည်း မသိဘူး ...

"ကို ... ကို ..."

သူတွေးနေရင်း သာသာ့ အသံကြောင့် ...

"ဟင် ... သာသာပြောလေ ..."

"ဒါက သာသာရဲ့ညီမလေး ... ရှုတိုင်းယဉ်တဲ့ ..."

ခွန်း သာသာပြောလိုက်တဲ့ နာမည်လေးကို သံယောင်လိုက် ပြောမိလိုက်သည် ...

"ရှုတိုင်းယဉ် ..."

"ဟုတ်တယ်ကို ... ညီမလေး ... ဒါက မမနဲ့ မကြာခင် လက်ထပ်တော့မဲ့ မမရဲ့ချစ်သူ ခွန်းဘုန်းရှိန်တဲ့ ..."

ရှုတိုင်း မမမိတ်ဆက်ပေးတဲ့ လူကို တစ်ချက်သာ ကြည့်ပြီး မမဘက်ကို လှည့်ကာ ...

"ဒါဆိုမမက လက်ထပ်တော့မှာပေါ့ ..."

"ဟုတ်တယ်လေ ..."

ဘာလို့လဲ သာသာက ပြောလိုက်ရော မျက်နှာလေး ညှိုးကာ မျက်ရည်လေးပါ ဝဲလာတဲ့ ညီမလေးကြောင့် သူမလည်း စိတ်မကောင်းပါ ...။ ကိုနဲ့က လက်မထပ်လို့လည်း မဖြစ်တော့ဘူး ... သာသာတို့ ချစ်သူဖြစ်တာကြာပြီ ... ကိုက သာသာ့ကို ချစ်တာကြောင့် ညီမလေး ဘွဲ့မရမချင်း စောင့်ပေးခဲ့တာကိုလည်း အားနာလှပြီ။ ဒါကြောင့် လက်ထပ်ဖို့ စီစဉ်ခဲ့ရတာ ... ညီမလေးကို ဘယ်လို ရှင်းပြရပါ့မလဲ ...။

ခွန်းတစ်ယောက် သူဟာ သာသာနဲ့ လက်ထပ်မယ့် သူလို့ ပြောလိုက်တော့ ... မျက်နှာညှိုးကာ ငိုမလိုဖြစ်သွားတဲ့ ကောင်မလေးကို မသနားပဲ ... အမြင်ကတ်ချင်နေသည် ... သာသာ့စကားကြောင့် သူအခုချိန်ထိ စောင့်ခဲ့ရ

တာ ... ၅နှစ်ပြည့်တော့မယ်။ သူ့ဘက်ကလည်း စဉ်းစားကြည့်ဦး ...

သူမတို့ အဲ့လိုဖြစ်နေတာကို ... ဘေးက ကြည့်နေတဲ့ လူများက ...

"ကဲ သမီးရှုတိုင်းယဉ် ... သမီးရဲ့ မမရှုတိုင်းသာလေး စိတ်မကောင်း ဖြစ်အောင် မလုပ်ပါနဲ့ သွားရအောင်နော် ..."

"ဟုတ်ကဲ့ပါ ကြီးကြီး ..."

လို့ပြောလိုက်တော့ သူမတို့ အားလုံး လေဆိပ်မှ ထွက်လာခဲ့တော့သည် ...။ အတွေးကိုယ်စီနဲ့ပေါ့ ... ။

***